# ရေဘွက်ကျေးရွာ

# သရက်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၁–၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရေဘွက်ကျေးရွာ၊ သရက်မြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၁–ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၂

စကားချီး ၄

ရေဘွက်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ သရက်မြို့နယ် ၆

၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား ၆

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၇

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၇

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၈

(က) သီးနှံစိုက်ပျိုးရေး ၈

(ခ) မွေးမြူရေးလုပ်ငန်း ၈

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ ၈

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု ၉

၅။ အခြေခံအဆောက်အဉီနှင့် ဝန်ဆောင်မှုများ ၉

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး ၉

(ခ) ကျေးရွာမီးလင်းရေး ၉

(ဂ) သတင်းနှင့်ဆက်သွယ်ရေး ၉

၆။ ပညာရေး ၁၀

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၀

၈။ ဘေးအန္တရယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၁

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ ၁၁

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၁၂

နောက်ဆက်တွဲ


နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း ၁၄

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ ၁၆

နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၆၄

နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) ၆၆

နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) ၆၈

နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) ၇၀

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ ရေဘွက်ကျေးရွာ၏ ကျေးရွာသူ၊ ကျေးရွာသားများ ပါဝင်ရေးဆွဲသည့် ပထမဦး ဆုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိ ပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖများ၊ ကျေးရွာနေ ပြည်သူများနှင့် သရက်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင် ကာလများက အစီအစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများမှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့ သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက် တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံ လိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနများနှင့် အတူတကွချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိနားလည်ခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့်အချက်အလက် များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်း

စဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေသည့် အချိန်တွင်လည်း လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလ အပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန် လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖများ၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သရက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ အကြံပြုချက် များ၊ မကွေးတိုင်းအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤစီမံချက်တွင် အပိုင်းနှစ်ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိမှုလမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်း အချက်အလက် အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက် များ ပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၂၁-ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရေဘွက်ကျေးရွာ

သရက်မြို့နယ်

## မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ ရေဘွက်ကျေးရွာအုပ်စု၊

## ရေဘွက်ကျေးရွာ၏ကျေးရွာနှင့် သယံဇာတပြမြေပုံ

### ၁။ ကျေးရွာ၏ တည်နေရာနှင့် ပထဝီဝင် အနေအထား

သရက်မြို့နယ်၊ ရေဘွက်ကျေးရွာအုပ်စု၊ ရေဘွက်ကျေးရွာသည် သရက်မြို့နှင့် (၁၂)မိုင်(၃)ဖာလုံအကွာတွင် ထိစပ်နေသော ကျေးရွာများနှင့် နယ်နမိတ်ခြင်း ထိစပ်နေသော ကျေးရွာများမှာ အနောက်ဘက်တွင် တောမွန်ကျေးရွာ၊ မြောက်ဘက်တွင် ပွန်းချောနှင့် တောကျောင်းကျေးရွာတို့ တည်ရှိပါသည်။ ကျေးရွာသည် ချောင်းဘေးတွင်ရှိပြီး မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်ပါသည်။ ကျေးရွာ၏တောင်ဘက်တွင် လယ်ကွင်းပြင်နှင့် သရက်၊မင်းလှလမ်း တည်ရှိပါသည်။ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ လယ်ယာမြေနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတို့ ဖြစ်ပါသည်။ လယ်ယာမြေများသည် စပါးနှင့်ပဲမျိုးစုံ စိုက်ပျိုးထုပ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် အဓိကအားထားရာ ဖြစ်ပါသည်။ ရာသီဥတုအနေဖြင့် ပူပြင်းခြောက်သွေ့ပြီး တစ်ခါတစ်ရံ မိုးနည်းပြီး၊ တစ်ခါတရံ မိုးများသဖြင့် ရာသီဥတုမမှန်သော အနေအထား ဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာနေပြည်သူအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား၍ လုပ်ကိုင်ကြပြီး စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှုအဖြစ် လယ်မြေ(၇၀)ဧက၊ ယာမြေ (၄၀)ဧက ဥယျာဉ်ခြံမြေမရှိသလောက်နည်းပါးပြီး ကိုင်း၊ ကျွန်းမြေ (၁၅)ဧက စုစုပေါင်း စိုက်မြေဧက (၁၂၅) ပိုင်ဆိုင်ကြောင်း တွေ့ရှိရပါသည်။ ရေဘွက်ကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများမထွက်ရှိပါ၊ ကျောက်၊ သဲ၊ ကျောက်စရစ်နှင့် သဘာဝအပင်မျိုးစိတ်များ နွားစာ ဆေးဖက်ဝင်အပင်များ အနည်းငယ်ထွက်ရှိပါသည်။ သဘာဝတိရိစ္ဆာန်မျိုးစိတ်များ အဖြစ် ကြက်၊ ဝက်၊ နွားများသာရှိပြီး အခြားရှားပါးတိရိစ္ဆာန် မျိုးစိတ်များ မရှိကြောင်း လေ့လာတွေ့ရှိပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ရေဘွက်ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများမှာ ရပ်မိရပ်ဖအဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့တို့ ဖွဲ့စည်းဆောင်ရွက်လျှက်ရှိကြောင်း တွေ့ရှိရပါသည်။ အဆိုပါအမျိုးသမီးများအစုံအလင် ပူးပေါင်းပါဝင်မှုရှိအောင် ဖွဲ့စည်းဆောင်ရွက်ထားခြင်းဖြစ်ပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ကော်မတီဝင်များသည် ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်း အစရှိသဖြင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောလုပ်ငန်းများအား သက်ဆိုင်ရာအဖွဲ့အစည်းများ ဌာနများနှင့်ချိတ်ဆက်၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

**ရေဘွက်ကျေးရွာတွင် နေထိုင်သည့်အိမ်ထောင်စုအများစုမှာ တောင်သူများ ဖြစ်ပြီး စိုက်ပျိုးမြေ ပိုင်ဆိုင်မှု** (၁၂)ဧကအထက်ပိုင်ဆိုင်သူ အိမ်ထောင်စု(၁၂)စု၊ စိုက်ပျိုးမြေ (၅)ဧကမှ (၁၂)ဧကအတွင်း ပိုင်ဆိုင်သူ (၆၀)စု၊ စိုက်ပျိုးမြေ (၁)ဧကနှင့်အထက် အလယ်အလတ်အဆင့်ရှိ စိုက်ပျိုးမြေပိုင်ဆိုင်သူ အိမ်ထောင်စု(၂၂)စု၊ မြေပိုင်ဆိုင်မှု၊ မြေယာမဲ့ လက်လုပ်လက်စား အိမ်ထောင်စု (၂)စုရှိကြောင်း တွေ့ရှိရပါသည်။

အဓိကစိုက်ပျိုးသီးနှံမှာ စပါး၊ နှမ်း၊ ပဲမျိုးစုံတို့ ဖြစ်ပါသည်။ နှမ်းအထွက်နှုန်းမှာ

(၁)ကေလျှင် အနည်းဆုံး(၄)တင်း၊ အများဆုံး(၈)တင်းနှင့် ပျမ်းမျှ(၆)တင်း ထွက်ရှိပါသည်။ စပါးအထွက်နှုန်းမှာ တစ်ကေလျှင် အနည်းဆုံး (၃၀)တင်း အများဆုံး(၅၀)တင်းနှင့် ပျမ်းမျှ (၄၀)တင်းထွက်ရှိပါသည်။ ဈေးကွက်အကျိုးအမြတ်အနေဖြင့် အသင့်အတင့်ရရှိပါသည်။ မျိုးကောင်းမျိုးစေ့၊ ဓါတ်မြေ ဩ၊ ပိုးသတ်ဆေး၊ အပင်အားတိုးဆေး စသည့်တို့ အလွယ်တကူ ဝယ်ယူရရှိနိုင်သော်လည်း မြေဆီလွှာမကောင်းသဖြင့် အထွက်နှုန်းနည်းပါးပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ရေဘွက်ကျေးရွာတွင် ဝက်မွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၉)စုရှိပြီး ဝက်အကောင်ရည် (၁၀)ကောင်၊ ကြက်မွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၆၀)စု ရှိပြီး ကြက်ကောင်ရေ (၂၀၀)ကောင်နှင့် နွားမွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၆၀)စုရှိပြီး နွားကောင်ရေ (၁၃၀)ကောင် မွေးမြူလျှက်ရှိကြောင်း တွေ့ရှိပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

အဓိကဝင်ငွေရ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများလုပ်ဆောင်မှုအနေဖြင့် ကျေးရွာနေ အိမ်ထောင်စု၏ (၆၅%) မှာ စိုက်ပျိုးရေးလုပ်ငန်း အဓိကလုပ်ကိုင်ကြပြီး အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ (၁%)နှင့် နေ့စားကျပမ်းလုပ်ကိုင်သူ အိမ်ထောင်စု (၃၀%) ရှိပါသည်။ အဓိကလုပ်ငန်းများအပြင် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိမည့် တွဲဘက်လုပ်ငန်းအဖြစ် ပညာရေးဌာန၊ ကျန်းမာရေးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စသည်တို့တွင် နိုင်ငံ့ဝန်ထမ်းများအဖြစ်လည်းကောင်း ကိုယ်ပိုင်လုပ်ငန်းများအဖြစ် ကားများဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်ကြပြီး အိမ်ထောင်စု၏ (၂%) ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် သွားရောက်အလုပ်လုပ်ကိုင်ကြကြောင်း တွေ့ရှိရပါသည်။

## (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာမှ ငွေလွှဲ၊ ငွေပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါက သရက်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များသို့ သွားရောက်၍ ငွေလွှဲငွေပို့ခြင်းများ ဆောင်ရွက်ကြရပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ အဓိကထွက်ကုန်များကို သရက်မြို့သို့ ကားဖြင့်သယ်ယူပို့ဆောင်ခြင်း ဖြစ်ပါသည်။ ကျေးရွာချင်းဆက်လမ်းမှာ ကျောက်ခင်းလမ်းဖြစ်ပြီး ကျေးရွာတွင်းလမ်းနှင့် ချဉ်းကပ်လမ်းများအားလုံးမှာ မြေသားလမ်းများဖြစ်သဖြင့် မိုးရာသီတွင် သွားလာရေး ခက်ခဲမှုများ ကြုံတွေ့ရပါသည်။ ကျေးရွာအတွင်း နေထိုင်သည့် အိမ်ထောင်စုများ၏ သယ်ယူပို့ဆောင်ရေး ယာဉ်များပိုင်ဆိုင်မှုအနေဖြင့် စက်ဘီး (၃၀)စီး၊ ဆိုင်ကယ်(၄၅)စီး၊ သုံးဘီးဆိုင်ကယ် (၁)စီးနှင့် နွားလှည်း (၃၀)စီး၊ ကား(၃)စီး ပိုင်ဆိုင်ကြပါသည်။

### (ခ) ကျေးရွာမီးလင်းရေး

**ကျေးရွာအတွင်းနေထိုင်သည့် အိမ်ထောင်စု(၉၆)စုအနက် (၉၀)အိမ်မှာ ဆိုလာဖြင့် မီးရယူသုံးစွဲကြပြီး ကျန်(၆)အိမ်မှာ ဖယောင်းတိုင်မီးသာ အသုံးပြုကြပါသည်။**

### (ဂ) သတင်းနှင့်ဆက်သွယ်ရေး

**ကျေးရွာနေအိမ်ထောင်စုအများစုမှာ တယ်လီဖုန်းများ ပိုင်ဆိုင်ကြပြီး ဖုန်း(၁၅၀) လုံး၊ ရေဒီယို (၁၀)လုံး၊ တီဗွီ(၃၀)လုံး ဂြိုလ်တုစလောင်း (၂၀)လုံး ပိုင်ဆိုင်ကြခြင်းကြောင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးအခြေအနေ အတန်အသင့် ကောင်းမွန်ပါသည်။**

## ၆။ ပညာရေး

**ကျေးရွာသူ/သားများအနေဖြင့် ပညာရေးအဆင့်အတန်းသည် အတော်အသင့် ရှိပြီး အများစုမှာ အခြေခံ အရေး၊ အဖတ်၊ အတွက်အချက်တို့ကို တတ်မြောက်ကြပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာရှိ အခြေခံအထက်တန်းကျောင်း(ခွဲ)တွင် တက်ရောက် သင်ကြားနိုင်သည်။ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်၊ လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးဆဲဖြစ်ပါသည်။**

**ရေဘွက်ကျေးရွာမှ လက်ရှိအတန်းတက်ရောက် သင်ယူနေသူ ဦးရေမှာ မူလတန်းတွင် (၂၀)ဦး၊ အလယ်တန်းတွင် (၆)ဦး၊ အထက်တန်းတွင် (၂) ရှိပါသည်။**

**ကျေးရွာတွင် အ.မ.က(ခွဲ)ကျောင်းရှိပြီး အကျယ်စတုရန်းပေ ( )ကျယ်ဝန်း ပါ သည်။ အမိုး၊ နံရံ၊ အခင်းအရည်အသွေး အသင့်အတင့်ရှိပြီး ကျောင်းသုံးပရိဘောဂ**

လုံလောက်မှုအားနည်းပါသည်။ ကျောင်းအိမ်သာအခြေအနေ အသင့်အတင့်ရှိပါသည်။ ကျောင်း တွင် အဟာရတိုက်ကျွေးမှုရှိပါသည်။ အစိုးရခန့် ဆရာ/ဆရာမ (၅)ဦးရှိပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာနေ ရွာသူ/ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြပါသည်။ ယခုနှစ်ပိုင်းတွင် ကလေးငယ်များမှာ နှာစေး ချောင်းဆိုး ရောဂါဖြစ်ပွားမှု ရှိခဲ့ပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးခန်း ရှိပြီး လမ်းပမ်းဆက်သွယ်ရေးလည်း အသင့်အတင့် ကောင်းမွန်သဖြင့် မြို့နယ်ဆေးရုံများနှင့်လည်း လက်လှမ်းမီ သလောက်ရှိပါသည်။ ကျေးရွာတွင်လက်နှိပ်တုံကင်တွင်းများ အလွယ်တကူ ရရှိပြီးသောက်သုံးရေသန့်ရှင်းသည့်အတွက် ဝမ်းပျက်ဝမ်းလျော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင် စသော ရောဂါဖြစ်ပွားမှုများ နည်းပါးကြောင်း တွေ့ရှိရပါသည်။ အခြား HIV/ AIDS ရောဂါများ ဖြစ်ပွားမှု လုံးဝမရှိပါ။

ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် လွန်ခဲ့သော (၁၂)လအတွင်း ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင်အသားဝါရောဂါ၊ ပိုလီယိုရောဂါ၊ ဝက်သက်ရောဂါ ဆင်ခြေထောက်ရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါစသည့် ရောဂါများအတွက် ကာကွယ်ဆေးနှင့် အခြားစုပေါင်းကာကွယ်ဆေးထိုးနှံမှုများ ဆောင်ရွက်ခဲ့ခြင်းနှင့် အာဟာရပညာပေးအစီအစဉ်များလည်း ဆောင်ရွက်ခဲ့ပါသည်။

ရေဘွက်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနရှိပြီး အခန်း၊ ကုတင် လုံလောက်မှုမရှိပါ။ ထို့အပြင် (၆)မိုင်ခန့် ကွာဝေးသော သရက်မြို့ရှိ ခရိုင်ဆေးရုံကြီးသို့ သွားရောက်ဆေးကုသမှု ခံယူကြရပါသည်။

ကျေးရွာနေအိမ်ထောင်စုများ သောက်သုံးရေရရှိမှု အနေဖြင့် အများပိုင် အဝီစိတွင်း (၃)တွင်း၊ ရေတွင်း(၇)တွင်းနှင့် ချောင်း(၁)ချောင်းသာ ရှိသည့်အတွက် တစ်နှစ်ပတ်လုံး သောက်သုံးရေ ဖူလုံမှုရှိပါသည်။ ကျေးရွာ၏ ပတ်ဝန်းကျင်သန့်ရှင်းရေးများကိုလည်း အစဉ်တစိုက် ပြုလုပ်ဆောင်ရွက်လျှက်ရှိပါသည်။

ကျေးရွာနေ အိမ်ထောင်စုအများစုမှာ ကျန်းမာရေးဗဟုသုတရှိသည့် အားလျော်စွာ သန့်ရှင်းသော ရေလောင်း/ယင်လုံ အိမ်သာသုံးစွဲသူ အိမ်ထောင်စု (၅၈)စုရှိပြီး အိမ်ထောင်စု(၁၁)စုမှာ အိမ်သာမရှိသူများ ဖြစ်ကြပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင်း ချို့တဲ့နွမ်းပါးသော အိမ်ထောင်စုများသည် အငှားလိုက် နေ့စားများ အဖြစ် လုပ်ကိုင်ကြပြီး မိုးတွင်းကာလတွင် ငှားရမ်းသူမရှိခြင်းကြောင့် စားနပ်ရိက္ခာ မဖူလုံမှု ကြုံတွေ့ရတတ်ပါသည်။ အချို့နှစ်များတွင် မုန်တိုင်းတိုက်ခတ်မှုများ ကြုံတွေ့ကြရသော်လည်း ကြီးကြီးမားမား ဆုံးရှုံးမှု မရှိခဲ့ပါ။ အခြားသဘာဝဘေး အန္တရာယ်ဖြစ်ပွားမှု နည်းပါးပါသည်။ ကျန်းမာရေးဆိုင်ရာ ဗဟုသုတ ကြွယ်ဝသည့်အတွက် ရောဂါဖြစ်ပွားမှုနှုန်းလည်း နည်းပါးပါသည်။

စိုက်ပျိုးမြေများမှာ နှစ်ကာလ ကြာရှည်စွာ စိုက်ပျိုးခဲ့ကြပြီး မြေဩဇာအသုံးပြုမှု နည်းပါးသဖြင့် သဘာဝမြေဆီလွှာ၏ အရည်အသွေးမှာ အသင့်အတင့်သာရှိပါသည်။

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ပါဝင်လှုပ်ရှားမှုမရှိသော်လည်း အမျိုးသားများသာ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ကျေးရွာ၏ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးတွင်လဲ ပါဝင်ဆောင်ရွက်ကြပါသည်။ အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အခြားကဏ္ဍအသီးသီးတွင် အမျိုးသမီးများအပေါ် ကျား၊မခွဲခြားမှုမရှိဘဲ ပူးပေါင်း၍ ဆောင်ရွက်မှုများ အားကောင်းလာခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများနှင့် လုပ်ကိုင်ဆောင်ရွက်မှုများတွင် အထိုက်အလျောက် အောင်မြင်မှုများ ရရှိနေခြင်း ဖြစ်ပါသည်။

ရေဘွက်ကျေးရွာ၏ ဦးစားပေးစီမံချက်များကို ကျေးရွာတွင် လေ့လာတွေ့ ရှိရသော လိုအပ်ချက်/ ပြဿနာများ၊ ကျေးရွာနေပြည်သူများ၏ ဆွေးနွေးအကြံပြုချက်များ အပေါ် အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေး စီမံချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| ကဏ္ဍ | စီမံချက် | ရမှတ် | ဦးစားပေး အဆင့် | စီမံချက်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **လမ်းပမ်း ဆက်သွယ် ရေး** | ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း | ၈၉ | ၁ | **သက်ဆိုင်ရာဦးစီးဌာနနှင့် ဆက်သွယ်၍ ရန်ပုံငွေရရှိရေး တင်ပြတောင်းခံရန်** | |
| **မီးရရှိရေး** | ကွန်ကရစ်မီးတိုင်၊ မီးကြိုးသွယ်တန်းခြင်း | ၉၁ | ၂ | သက်ဆိုင်ရာဌာနများသို့ တင်ပြ၍ မှတ်ချက် တောင်းခံခြင်း | |
| **စိုက်ပျိုး မွေးမြူရေး** | **အသက်မွေး ဝမ်းကျောင်းပညာ** | ၄၂ | ၃ | **အသက်မွေးဝမ်းကျောင်း ပညာရပ်များ တတ်မြောက်မှုအားနည်းသဖြင့်** | |

## သရက်မြို့နယ်၊ ရေဘွက်ကျေးရွာအုပ်စု၊ ရေဘွက်ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | ပညာအရည်အချင်း | တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးကြည်မြင့် | ဦးရွှေပိုင် | ၈/သရန(နိုင်)၀၃၅၈၈၈ | (၄)တန်း | ဥက္ကဋ္ဌ | ၀၉-၂၅၃၆၆၃၂၅၆ | |
| ၂ | ဦးကိုဝင်း | ဦးလေးမောင် | ၈/သရန(နိုင်)၀၅၂၆၅၇ | (၄)တန်း | ဝယ်ယူရေးကော်မတီဥက္ကဋ္ဌ | ၀၉-၂၅၂၂၀၃၉၁၁ | |
| ၃ | ဦးအောင်မောင်း | ဦးငွေး | ၈/သရန(နိုင်)၀၂၁၉၈၆ | (၄)တန်း | ဘဏ္ဍာရေးမှူး | ၀၉-၈၈၆၆၇၉၀၀ | |
| ၄ | ဒေါ်မိုးသီတာအောင် | ဦးသန်းထွန်းအောင် | ၈/သရန(နိုင်)၁၂၀၅၆၈ | ပထမနှစ်(အဝေးသင်) | စာရင်းကိုင် | ၀၉-၈၉၁၂၁၇၃၁၁ | |
| ၅ | ဦးအေးကြိုင် | ဦးသက်ပြန် | ၈/သရန(နိုင်)၀၁၈၅၉၅ | (၈)တန်း | အဖွဲ့ဝင် | ၀၉-၂၅၆၃၉၆၅၉၅ | |
| ၆ | ဦးကိုကျော် | ဦးလှငွေး | ၈/သရန(နိုင်)၀၆၉၂၃၀ | (၄)တန်း | အဖွဲ့ဝင် | ၀၉-၄၅၇၅၇၃၀၄၃ | |
| ၇ | ဦးထွန်းနိုင် | ဦးကျော်ရှစ် | ၈/သရန(နိုင်)၀၆၉၂၃၀ | (၄)တန်း | အဖွဲ့ဝင် | ၀၉-၂၅၆၅၇၈၇၆၄ | |

| စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | ပညာအရည်အချင်း | တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၈ | ဦးခင်မောင် | ဦးအောင်ထိုက် | ၈/သရန(နိုင်)၀၀၂၁၇၆ | (၄)တန်း | အဖွဲ့ဝင် | ၀၉-၇၉၅၀၅၄၉၈၁ | |
| ၉ | ဦးကျော်မြင့် | ဦးသိန်းမောင် | ၈/သရန(နိုင်)၀၃၅၄၁၂ | (၄)တန်း | အဖွဲ့ဝင် | ၀၉-၄၄၅၀၅၉၄၀၄ | |
| ၁၀ | ဒေါ်ပြုံးမွန် | ဦးထွန်းလွင် | ၈/သရန(နိုင်)၀၆၉၂၂၇ | (၄)တန်း | အဖွဲ့ဝင် | ၀၉-၂၆၀၂၇၄၂၇၁ | |
| ၁၁ | ဦးကိုလတ် | ဦးဆန်းမောင် | ၈/သရန(နိုင်)၀၆၀၂၉၃ | (၄)တန်း | အတွင်းရေးမှူး | ၀၉-၈၈၄၄၆၂၅၇၇ | |

**သရက်မြို့နယ်၊ ရေဘွက်ကျေးရွာအုပ်စု၊ ရေဘွက်ကျေးရွာ၏ ဝယ်ယူရေးကော်မတီဝင်များစာရင်း**

| စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | ပညာအရည်အချင်း | တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးကိုဝင်း | ဦးလေးမောင် | ၈/သရန(နိုင်)၀၅၂၆၅၇ | (၄)တန်း | ဝယ်ယူရေးကော်မတီဥက္ကဋ္ဌ | ၀၉-၂၅၂၂၀၃၉၁၁ | |
| ၂ | ဒေါ်မိုးသီတာအောင် | ဦးသန်းထွန်းအောင် | ၈/သရန(နိုင်)၁၂၀၅၆၈ | ပထမနှစ်(အဝေးသင်) | စာရင်းကိုင် | ၀၉-၈၉၁၂၁၇၃၁၁ | |
| ၃ | ဦးကိုလတ် | ဦးဆန်းမောင် | ၈/သရန(နိုင်)၀၆၀၂၉၃ | (၄)တန်း | အတွင်းရေးမှူး | ၀၉-၈၈၄၄၆၂၅၇၇ | |

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁)　ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က)　လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | - | ၃ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၄ | - | ၄ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | - | ၅ | ၅ |
| ၁၀နှစ်မှ၁၄နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၅ | ၅ | ၁၀ |
| ၁၅နှစ်မ ၆၄နှစ်အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၄၉ | ၁၇၁ | ၃၂၀ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၇ | ၂၁ | ၃၈ |
| **စုစုပေါင်း** | | **၁၇၈** | **၂၀၂** | **၃၈၀** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၉၆** | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။　　　။ ရေဘွက်ကျေးရွာတွင် အိမ်ထောင်စု (၉၆)စု၊ အမျိုးသား (၁၇၈)ဦး၊ အမျိုးသမီး (၂၀၂)ဦး ဖြစ်ပြီး လူဦးရေစုစုပေါင်း (၃၈၀)ဦး နေထိုင်လျှက်ရှိပါသည်။ နေထိုင်သူ လူဦးရေ၏ (၅%)ခန့်မှာ မွေးကင်း စမှ ၅-နှစ် အရွယ်ကလေးငယ်များဖြစ်ပြီး၊ ကျောင်းနေအရွယ် ကလေးဦးရေ (၁၀%)၊ သက်ကြီးရွယ်အိုဦးရေ (၁၂%)နှင့် (၁၅-နှစ်မှ ၆၄-နှစ်)အတွင်း အလုပ်လုပ်နိုင်သောအရွယ်ရှိ လူဦးရေ (၇၃%)ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို စနစ် တကျ လေ့ကျင့်သင်ကြားပေးမည်ဆိုပါက ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်မည်ဖြစ်ပါသည်။ ကျေးရွာအိမ်ထောင်စု အားလုံးမှာ ဗမာလူမျိုးများ ဖြစ်ပြီး ဗုဒ္ဓဘာသာ ကိုးကွယ် ကြသူများဖြစ်ပါသည်။

(ခ)　အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈၈ | ၁၈၀ | | လတ် |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၅ | | နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၃ | ထုတ်ကုန်လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၅ | | နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | | | | | |
| ၅ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၆ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၇ | | လတ် |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၇ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | | | နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၈ | **ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်နှင့်ငွေချေးခြင်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၉ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၀ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၁၁ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၁၂ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၁၃ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား/ကျပန်း/ရာသီအလိုက် အလုပ်သမား | | | | |
| ၁၄ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| | **စုစုပေါင်း** | ၉၆ | | | |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ **အဓိကဝင်ငွေရ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ဆောင်မှုအနေဖြင့် ကျေးရွာနေ လူဦးရေ၏** (၆၅%)**မှာ စိုက်ပျိုးရေးလုပ်ငန်း အဓိက လုပ်ကိုင်ကြပြီး၊** လက်လီလက်ကား ရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူ(၁%)၊ ကျပန်းလုပ်ကိုင်သူ (၃၂%) ကားဖြင့်သယ်ယူပို့ဆောင်သူအိမ်ထောင်စု (၂%) ထိုင်း၊မလေးရှားသွားရောက်လုပ်ကိုင်ကြ**ပါသည်။**

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၂၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၀၀၀ |
| ၃ | ငါးလုပ်ငန်း(ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သစ်တောထွက်ပစ္စည်းနှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၃၀၀၀ | ၂၀၀၀ | ၂၀၀၀ | ၁၅၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ပျိုးကြဲချိန်နှင့် ရိတ်သိမ်းချိန်တို့တွင် အများဆုံးလုပ်အားခနှုန်းမှာ အမျိုးသားတစ်ဦးလျှင် (၅၀၀၀ိ/-)နှုန်း၊ အမျိုးသမီးတစ်ဦးလျှင် (၄၀၀၀ိ/-)နှုန်းနှင့် အနည်းဆုံးလုပ်အားခနှုန်းမှာ အမျိုးသားတစ်ဦးလျှင် (၃၀၀၀ိ/-)နှုန်း၊ အမျိုးသမီးတစ်ဦးလျှင် (၂၀၀၀ိ/-)နှုန်းအငှားခေါ်၍ လုပ်ငန်းဆောင်ရွက် ကြရသည်။**

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး |
|---|---|---|
| လယ်မြေ | ၇၀ | သင့် |
| ယာမြေ / တောင်ယာမြေ | ၄၀ | သင့် |
| ဥယျာဉ်ခြံမြေ | - | - |
| ကိုင်း/ကျွန်းမြေ | ၁၅ | သင့် |
| စားကျတ်မြေ | ၂၅ | သင့် |
| မြေလွတ်မြေ | ၃၀ | ညံ့ |
| စုစုပေါင်း | ၁၈၀ | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနေပြည်သူအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား၍ လုပ်ကိုင်ကြပြီး စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှုအဖြစ် လယ်မြေ (၇၀)ဧက၊ ယာမြေ(၄၀)ဧက နှင့် ကိုင်း (၁၅)ဧက၊ စားကျက်မြေ(၂၅)ဧက၊ မြေလွတ် မြေလတ်(၃၀)ဧကစုစုပေါင်း စိုက်ပျိုးမြေ ဧက ပိုင်ဆိုင်မှု (၁၈၀)ဧက ပိုင်ဆိုင်ကြောင်း တွေ့ရှိရပါသည်။ တောင်သူအိမ်ထောင်စု တစ်စုလျှင် ပျှမ်းမျှ (၂)ဧကခန့် ပိုင်ဆိုင်ကြောင်း တွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု | အသုံးချနိုင်မှု |
|---|---|---|
| **သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)** | မရှိ | အသုံးမပြုနိုင်ပါ |
| **ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ** | သင့် | ခက် |
| **သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင် များ)** | သင့် | လွယ် |
| **သဘာဝ တိရစ္ဆာန်မျိုးစိတ်များ** | မရှိ | ☒ |
| ရေ-မြေပေါ်ရေ (အင်း၊ အိုင်၊ ကန်၊ ချောင်း၊ မြစ်၊ စိမ့်စမ်း) | သင့် | **သင့်** |
| ရေ-မြေအောက်ရေ (တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း) | သင့် | **လွယ်** |
| သစ်တော- အပူပိုင်းသစ်တော | မရှိ | **ခက်** |
| သစ်တော- ဒီရေတောများ | မရှိ | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ ရေဘွက်ကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ မထွက်ရှိပါ၊ ကျောက်၊သဲ၊ ကျောက်စရစ်နှင့် သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) အနည်းငယ်ထွက်ရှိပါသည်။ သဘာဝတိရိစ္ဆာန် မျိုးစိတ်များ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သေ ာ အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း(သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှ င့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား(ဝင်ငွေ) အလွန်ကောင်း | အသင့်အတင့် | နည်း | အလွန်နည်း |
| အိမ်ထောင်စု | ၇ | ၄၅ | ၄၁ | ၃ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနေအိမ်ထောင်စုများ၏ ဥစ္စာဓနအဆင့်များခွဲခြားရာတွင် အဆင်ပြေသောအိမ်ထောင်စု (၇)စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု (၄၅)စု၊ မပြေလည်သော အိမ်ထောင်စု (၄၁)စု နှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၃)စု ရှိကြောင်း တွေ့ရှိရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ဆင်းရဲသောအိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | ၇ | ချေးယူ = အိမ်ထောင်စု()စု<br>လုပ်အားခကြိုယူ = အိမ်ထောင်စု ()စု |
| ၃လ နှင့် ၆လ ကြား ဝမ်းစာဖူလုံမှု | | ချေးယူ = အိမ်ထောင်စု( )စု<br>လုပ်အားခကြိုယူ = အိမ်ထောင်စု()စု |
| ၆လ နှင့် ၁၂လ ကြား ဝမ်းစာဖူလုံမှု | | ချေးယူ = အိမ်ထောင်စု()စု |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ မပြေလည်သောအိမ်ထောင်စုနှင့်အလွန်မပြေလည်သော စုစုပေါင်း (၄၄)စု ရှိသည့်အနက် အိမ်ထောင်စု(၇)စုခန့်သာ (၃)လအောက် ဝမ်းစာဖူလုံမှုရှိပြီး အခြားမိသားစုများမှာ ဝင်ငွေနည်းပါးသော ကာလများ တွင် ဆွေမျိုး/ မိတ်ဆွေများနှင့် ငွေတိုးချေးသူများထံမှ ချေးယူခြင်းနှင့် လုပ်အားခ ကြိုယူခြင်းတို့ဖြင့် စားဝတ်နေရေး

အတွက် ဖြေရှင်းကြရကြောင်း၊ အခြား အိမ်ထောင်စုများမှာလည်း ချေးငွေရယူ၍ စားဝတ်နေရေး အတွက် ဖြေရှင်းကြရကြောင်း သိရှိရပါသည်။

(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | – | - | – |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | – | – | – |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၈ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၃ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ထိခိုက်လွယ်သော အိမ်ထောင်စုများအဖြစ် ဆင်းရဲ၍ မိသားစုဦးရေများသော အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၈)စု ရှိကြောင်း တွေ့ရှိရပါသည်။

(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု |
|---|---|---|
| ၁ | မြစ်ရေကြီးမှု | မရှိ |
| ၂ | ရေကြီးခြင်း | မရှိ |
| ၃ | မုန်တိုင်း | မရှိ |
| ၄ | အပူလွန်ကဲခြင်း | မရှိ |
| ၅ | အအေးလွန်ကဲခြင်း | မရှိ |
| ၆ | မိုးခေါင်ခြင်း | လတ် |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု |
|---|---|---|
| ၇ | တောမီးလောင်ခြင်း | မရှိ |
| ၈ | စားနပ်ရိက္ခာမဖူလုံမှု | မရှိ |
| ၉ | သဘာဝအရင်းအမြစ် ရှားပါးမှု(မြေ၊ ရေ) | မရှိ |
| ၁၀ | သစ်တောပြုန်းတီးခြင်း | မရှိ |
| ၁၁ | ကူးစက်ရောဂါ | မရှိ |
| ၁၂ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မရှိ |
| ၁၃ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းစသည် | မရှိ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ရေဘွက်ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေအား လေ့လာရာတွင် အလွန်ဆင်းရဲသော အိမ်ထောင်စု(၃)စုခန့်အနက်(၁)စုသည် စားနပ် ရိက္ခာ မဖူလုံမှုအနေဖြင့် အနည်းငယ်ကြုံတွေ့ရကြောင်း၊ စိုက်ပျိုးရေရရှိမှုအနေဖြင့် မိုးတွင်း ကာလတွင်သာ စိုက်ပျိုးရေဖူလုံမှုရှိပြီး အခြားကာလများတွင် စိုက်ပျိုးရေ မလုံ လောက်မှုများ ကြုံတွေ့ကြရကြောင်း တွေ့ရှိရပါသည်။

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု |
|---|---|---|
| ၁ | လူငယ် | နိမ့် |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | နိမ့် |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | နိမ့် |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု |
|---|---|---|
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | နိမ့် |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | နိမ့် |
| ၉ | ငါးကန်ပိုင်ရှင်များ | နိမ့် |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | လတ် |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | နိမ့် |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | လတ် |
| ၁၄ | ရွှေတွင်းလုပ်သားများ | နိမ့် |
| ၁၅ | ဆေးစွဲသူများ | နိမ့် |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မရှိ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | နိမ့် |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | လတ် |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | လတ် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရေဘွက်ကျေးရွာတွင် နေထိုင်သူများအနက် ထိခိုက်သက်ရောက်မှု ကျရောက်နိုင်သည့် သူများမှာ ဆင်းရဲသောအိမ်ထောင်စု မြေယာမဲ့ဆင်းရဲသားတောင်သူများ လက်လုပ်လက်စားများနှင့် ကျပန်းလုပ်သားများဖြစ်ပြီး ၄င်းတို့ သည် စာနပ်ရိက္ခာ မဖူလုံမှုနှင့် ကြွေးမြီတင်ရှိမှု အများဆုံး ကြုံတွေ့ရကြောင်း တွေ့ရှိရ ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | စွမ်းဆောင်နိုင်မှု |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ရပ်မိရပ်ဖ | လူမှုရေးအဖွဲ့ | ၆ | - | ၆ | သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး | သင့် |
| ၂ | အုပ်ချုပ်ရေး | လူမှုရေးအဖွဲ့ | ၉ | - | ၉ | လုံခြုံရေးနှင့်ကာကွယ်ရေး | သင့် |
| ၃ | လူငယ်အဖွဲ့ | လူမှုရေးအဖွဲ့ | ၂၀ | - | ၂၀ | လုံခြုံရေးနှင့်ကာကွယ်ရေး | သင့် |
| ၄ | ကျောင်းအကျိုးတော်ဆောင် | လူမှုရေးအဖွဲ့ | ၁၀ | - | ၁၀ | ပညာရေး | သင့် |
| ၅ | အမျိုးသမီးအဖွဲ့ | လူမှုရေးအဖွဲ့ | ၃၀ | - | ၃၀ | ဘာသာရေး | သင့် |
| ၆ | ကြက်ခြေနီ | လူမှုရေးအဖွဲ့ | ၃ | ၃ | ၆ | ကျန်းမာရေး | သင့် |
| | | | | | | | |
| | | | | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ရေဘွက်ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများမှာ လူမှုရေးအဖွဲ့အစည်းအဖြစ် ရပ်မိရပ်ဖအဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ အုပ်ချုပ်ရေး၊လုံခြုံရေးနှင့် ကာကွယ်ရေးအဖွဲ့များအဖြစ် အုပ်ချုပ်ရေးအဖွဲ့တို့ ဖွဲ့စည်းဆောင်ရွက်လျှက်ရှိပါကြောင်း တွေ့ရှိရပါသည်။

**(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

**ရေဘွက်ကျေးရွာ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်း မရှိသေးကြောင်း တွေ့ရှိရပါသည်။**

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏ **စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၂ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | ၇ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေကြား | ၁၅ | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေကြား | ၆၀ | တောင်သူလတ် |
| ၅ | ၁၂.၅ ကေ အထက် | ၁၂ | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၉၆ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ရေဘွက်ကျေးရွာတွင် နေထိုင်သည့်အိမ်ထောင်စု အများစုမှာ တောင်သူများဖြစ်ပြီး စိုက်ပျိုးမြေ (၁၂)ကေအထက် ပိုင်ဆိုင်သူ အိမ်ထောင်စု(၁၂)စု၊** စိုက်ပျိုးမြေ(၅)ကေမှ (၁၂.၅)ကေကြား ပိုင်ဆိုင်သူ အိမ်ထောင်စု (၆)စု၊ (၁)ကေနှင့် အထက်ပိုင်ဆိုင်သူ အိမ်ထောင်စု (၂၂)စုနှင့် မြေယာမဲ့ အိမ်ထောင်စု(၂)စု ရှိကြောင်း တွေ့ရှိရပါသည်။

**(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ**

**ဇယား (၁၄)** ကျေးရွာ၏ ရေအရင်းအမြစ်နှင့် **ရေသွင်းဧရိယာ**

| စဉ် | အရင်းအမြစ် | ရေသောက်(ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | မိုးရေ | | ရာသီအလိုက် | ရှိ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာမှ တောင်သူများအနေဖြင့် မိုးရေကိုသာ အဓိကထားစိုက်ပျိုးကြကြောင်း တွေ့ရှိရပါသည်။**

**(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် | အမြတ် ရရှိနိုင်မှု |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | |
| **စပါး** | ၇၈.၅၀ | **တင်း** | **၃၅** | ၅၅ | ၄၅ | ဝါဆို | နတ်တော် | လတ် | နိမ့် |
| **ပဲကြီး** | ၉၀ | **တင်း** | **၈** | ၁၅ | ၁၂ | တော်သလင်း | တပေါင်း | လတ် | လတ် |
| **ပဲတီစိမ်း** | ၉၀ | **တင်း** | **၈** | ၁၅ | ၁၂ | ကဆုန် | ဝါခေါင် | လတ် | လတ် |
| ဝါ | ၄၀ | ပိဿာ | ၂၀၀ | ၃၀၀ | ၂၅၀ | ဝါခေါင် | ပြာသို | လတ် | လတ် |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ အဓိကစိုက်ပျိုးသီးနှံမှာ စပါး၊ ပဲကြီး၊ ပဲတီစိမ်းတို့ဖြစ်ပါသည်။**

**စပါး အထွက်နှုန်းမှာ(၁)ကေလျှင်အနည်းဆုံး(၃၅)တင်း၊ အများဆုံး(၅၅)တင်းနှင့် ပျမ်းမျှ (၄၅)တင်း ထွက်ရှိပါသည်။** ပဲကြီးအထွက်နှုန်းမှာ တစ်ကေလျှင် အနည်းဆုံး(၈)တင်း၊ အများဆုံး (၁၅)တင်း၊ ပျမ်းမျှ(၁၂)တင်း ထွက်ရှိပါသည်။ ပဲတီစိမ်းတစ်ကေအထွက်နှုန်းမှာ တစ်ကေလျှင် အနည်းဆုံး(၈)တင်း၊ အများဆုံး(၁၅)တင်း၊ ပျမ်းမျှ(၁၂)တင်း ထွက်ရှိပါသည်။ဝါအထွက်နှုန်းမှာ တစ်ကေလျှင် အနည်းဆုံး(၂၀၀)ပိဿာ၊ အများဆုံး(၃၀၀)ပိဿာ၊ ပျမ်းမျှ(၂၅၀)ပိဿာ ထွက်ရှိ ပါသည်။ **အဓိက စိုက်ပျိုးသီးနှံများမှာ ကုန်ကျစရိတ်များပြီး သီးနှံ အထွက်နှုန်း နည်းခြင်း၊ ဈေးနည်းခြင်းတို့ကြောင့် စိုက်ပျိုးသည့် တောင်သူများအတွက် အကျိုးအမြတ်ရရှိမှု နည်းပါး လှပါသည်။**

**(၄) လယ်ယာသုံး စက်ကိရိယာများ**

**ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

| **စက်အမျိုးအစား** | **တစ်ဦးချင်း ပိုင်** | **ရွာပိုင်** | **အဖွဲ့ပိုင်** | **ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်** |
|---|---|---|---|---|
| **ထွန်စက်** | **၁** | – | – | **၆၈** |
| **လက်တွန်းထွန်စက်** | - | – | – | – |
| **အစေ့ချ ကိရိယာ** | – | – | – | – |
| **ရိတ်သိမ်းခြွေလှေ့စက်** | – | – | – | – |
| **ရိတ်သိမ်းစက်** | – | – | – | – |
| ခြွေလှေ့စက် | - | - | - | - |
| ရေစုပ်စက် | - | - | - | - |
| ခြေနင်းရေတင်စက် | – | – | – | – |
| **မြက်ရိတ်စက်** | – | – | – | – |

**ရင်းမြစ်**... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - **လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေးသုံးစက်ကိရိယာ ပိုင်ဆိုင်မှုအနေဖြင့် ပုဂ္ဂလိကပိုင် လက်တွန်းထွန်စက် (၁)စက်ရှိကြောင်း တွေ့ရှိရပါသည်။ စိုက်ပျိုးမြေဧက အနည်းငယ်သာ ပိုင်ဆိုင်သော အိမ်ထောင်စုများအနေဖြင့် မိသားစုလုပ်အားဖြင့်သာ လုပ်ကိုင်ကြပြီး မြေဧက (၅)ဧကမှ (၁၂)ဧက ကြား ပိုင်ဆိုင်သော အိမ်ထောင်စုများမှာလည်း မိသားစုဝင် လုပ်အားဖြင့် သော်လည်းကောင်း၊ လိုအပ်ပါက ထွန်စက်ငှား၍သော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက် ကြခြင်း ဖြစ်ကြောင်း တွေ့ရှိ ရပါသည်။**

**(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

| **အခွင့်အလမ်း** | **ဖော်ပြချက်/ရှင်းလင်းချက်** |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | **သင့်တင့်မျှတ** |
| လယ်ယာမြေ အသုံးချနိုင်မှု | **ကောင်း** |
| စိုက်ပျိုးရေ အရင်းအမြစ် | **အသင့်အတင့်ရှိ** |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | **ရသည်** |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | **သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည်** |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | **မဖြေဆိုပါ** |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | **မဖြေဆိုပါ** |
| လုပ်သားရရှိနိုင်မှု | **ရနိုင်သည်** |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | **ရနိုင်သည်** |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | **သီးနှံများကို ရောင်းချနိုင်သည်** |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ ရေဘွက်ကျေးရွာ၏ သဘာဝရေမြေရာသီဥတုအနေအထား အနေဖြင့် မြေဆီလွှာ အသင့်အတင့်ကောင်းမွန်ခြင်း၊ ရာသီဥတုကောင်းမွန်မည်ဆိုပါက စိုက်ပျိုးရေ ရရှိနိုင်ခြင်း၊ သီးနှံမျိုးစေ့များ၊ သဘာဝမြေဆွေး/ အော်ဂဲနစ်မြေသြဇာနှင့် အခြား ပိုးသတ်ဆေး၊ ဓါတ်မြေသြဇာစသည်တို့ အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်းနှင့် အရင်းအနှီး အဖြစ် သမဝါယမ ဦးစီးဌာနနှင့် စိုက်ပျိုးရေးဘဏ်မှ ချေးငွေများရရှိခြင်း၊ လုပ်သား အလွယ် တကူ ရရှိနိုင်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ရရှိခြင်းတို့သည် ကျေးရွာနေ တောင်သူ များအတွက် များစွာ အထောက်အကူပြုလျှက်ရှိကြောင်း တွေ့ရှိရ ပါသည်။

**(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ**

**ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ**

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | **ရာသီဥတုမမှန်** |
| လယ်ယာမြေ အသုံးချနိုင်မှု | **လယ်ယာမြေ** |
| စိုက်ပျိုးရေ အရင်းအမြစ် | **အလွယ်တကူမရနိုင်** |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | **အလွယ်တကူမရနိုင်** |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | **အလွယ်တကူမရနိုင်** |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | **အလွယ်တကူမရနိုင်** |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | **အလွယ်တကူမရနိုင်** |
| လုပ်သားရရှိနိုင်မှု | **အလွယ်တကူမရနိုင်** |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ။ |
| ဖျက်ပိုးနှင့် ရောဂါကျရောက်မှု | **အသင့်အတင့်ကျ** |

**ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ သီးနှံဈေးကွက် တည်ငြိမ်မှုမရှိခြင်း၊ ဖျက်ပိုးနှင့် ရောဂါကျရောက်မှု များလည်း အသင့်အတင့်ရှိခြင်း စသည့်အခက်အခဲများ ကြုံတွေ့ကြရပါသည်။

(ဂ) မွေးမြူရေး ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေး ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးလုပ်ငန်းလုပ်ကိုင် နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၃၇ | ၁၂၀ |
| နို့စားနွား | – | – |
| ကျွဲ | – | – |
| မြင်း | – | – |
| မြည်း | – | – |
| လား | – | – |
| ဆိတ် | ၆ | ၁၃၇ |
| သိုး | – | – |
| ဝက် | ၃ | ၃ |
| ကြက် | ၃၆ | ၈၆ |
| ဘဲ | | |
| နွားနောက် | – | – |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရေဘွက်ကျေးရွာတွင် နွားမွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၃၇)စုရှိပြီး နွားကောင်ရေ (၁၂၀)ကောင်၊ ဆိတ်မွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၆)စုရှိပြီး ဆိတ်ကောင်ရေ(၁၃၇)ကောင်၊ ဝက်မွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၃)စုရှိပြီး ဝက်ကောင်ရေ (၃)ကောင်နှင့် ကြက်မွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု

**(၃၆)စုရှိပြီး ကြက်ကောင်ရေ(၈၆)ကောင် မွေးမြူလျှက်ရှိကြောင်း တွေ့ရှိရ ပါသည်။**

**(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား (၂၀) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **စားကျက်မြေ** | **အသင့်အတင့်ရရှိနိုင်ပါသည်။** |
| **ရေရရှိမှု** | **အသင့်အတင့်ရရှိနိုင်ပါသည်။** |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | **မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင်ပါသည်။** |
| ဈေးကွက် | **ဈေးကွက် အသင့်အတင့်ရနိုင်ပါသည်။** |
| သွင်းအားစု (**မွေးမြူရေး အစာ၊ဆေးစသည်**)ဈေးကွက် | **သွင်းအားစုများ ဝယ်ယူနိုင်သည် ။** |
| ဝန်ဆောင်မှု နှင့် နည်းပညာ ပံ့ပိုးမှု | **နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။** |
| ထုတ်ကုန် ရောင်းဝယ်မှု | **ထုတ်ကုန်များကို ရောင်းချနိုင်ပါသည် ။** |
| **အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု** | **အသင့်အတင့်ရှိပါသည်။** |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ မွေးမြူထားသော တိရစ္ဆာန်များအတွက် စားကျက်မြေ အသင့်အတင့်ရှိခြင်း၊ သောက်ရေ/ချိုးရေအတွက် အများပိုင်အဝီစိတွင်းများရှိခြင်းတို့သည် မွေးမြူရေး လုပ်ငန်း ဆောင်ရွက်ရန် အထောက်အကူပြုသည့် အခွင့်အလမ်းများ ဖြစ်ပါသည်။**

**(၃) မွေးမြူရေး တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ဇယား (၂၁) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **စားကျက်မြေ** | **စားကျက်မြေရှားပါးသည်။** |
